မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 13/Issue 9/September/2020*

ထာဝရဘုရားကိုမျှော်လင့်သော သူတို့မူကား အားပြည့်ကြလိမ့်မည်။
ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်
ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ။



သင့်ကိုအသက်ကြီး စဉ်ကောင်းသော အရာနှင့်ရောင့်ရဲစေတော်မူသဖြင့်
သင်၏အရွယ်သည် ရွှေလင်းတ၏အရွယ်ကဲ့သို့
ပြုပြင်ခြင်းရှိ၏။
ဟေရှာယ၊၄၀း ၂၉၊၃၁။

## September 2020

| SUN | MON | TUE | WED | THU | FRI | SAT |
|---|---|---|---|---|---|---|
| | | 1 | 2 | 3 | 4 | 5 |
| 6 | 7 Labor Day | 8 | 9 | 10 | 11 | 12 |
| 13 | 14 | 15 | 16 | 17 | 18 | 19 |
| 20 | 21 | 22 | 23 | 24 | 25 | 26 |
| 27 | 28 | 29 | 30 | | | |

## ***VIRTUAL CHURCH SERVICE***

### ***Watch at home!***



***BCF online Worship Service is available***

***at bcfla.org***

***Starting at 2:00PM every Sunday.***

***To watch previous Virtual Sunday Service select image gallery tab.***

***BCF Worship Service will only be available online until further notice!!***

**Horning Grandparents**




**September 13, 2020**

## *ALL HEALTHCARE WORKERS*




***We appreciate and thank you for***

***all your hard works***

***in the time of Corona Virus Pandemic.***




# အသက်ကြီးသောကာလတွင် အသီးသီးခြင်း



ဖြူသောဆံပင်သည်
ဖြောင့်မတ်ခြင်းတရား၌ တည်လျှင်၊
ဘုန်းကြီးသော သရဖူ ဖြစ်၏။
(သုတ္တံ၊၁၆း၃၁)

အရှေ့အလယ်ပိုင်းဒေသနှင့် မြေထဲပင်လယ်ဒေသရှိ လူတို့သည် မိမိတို့၏အိမ်ခြံဝင်းတွင် 'စွန်ပလွံပင်' များကို စိုက်ပျိုးကြသည်။ ထိုအပင်များသည် တင့်တယ်လှပပြီး အသီးများလည်း အလွန်ချို၍ အရသာရှိ၏။ ထို့ပြင်၊ အနှစ် (၁၀၀)ကျော်အထိကောင်းစွာရှင်သန်သီးပွင့်ကြသည်။

ရှေးဣသရေလ ရှင်ဘုရင် ရှောလမုန်မင်းကြီးသည် လှပသောရှုလမိတ် မိန်းမပျို၏ အရပ်အမောင်းကို 'စွန်ပလွံပင်' နှင့် ကဗျာဆန်ဆန် ပုံနှိုင်း၍ ဖော်ပြခဲ့သည်။ (ရှောလမုန်သီချင်း၊၇း၇)

ထိုခေတ်အချိန်က'စွန်ပလွံပင်' ဟူသော ဟေဗြဲဘာသာ စကားလုံးမှာ 'တာမာ' ဖြစ်သည်။ ၎င်းသည် ဂျူးလူမျိုးများတို့အတွက် လှပတင့်တယ်ခြင်း၊ ကျက်သရေရှိခြင်း၊ အထိမ်းအမှတ်ဖြစ်ပြီး၊ မိန်းကလေးများကို ထိုသို့သောအမည် ပေးလေ့ရှိသည်။ ဥပမာ၊– ရှောလမုန်မင်းကြီး၏လှပသောညီမဝမ်းကွဲ၏အမည်မှာ'တာမာ'ဖြစ်သည်။ ယနေ့တိုင် အချို့သောမိဘသည် သူတို့၏သမီးများကို 'တာမာ'အမည် ပေးနေဆဲ ဖြစ်၏။

သို့သော်၊ လှပသောဣသရေအမျိုးသမီးများကိုသာ စွန်ပလွံပင်နှင့်ပုံနှိုင်း၍ ထိုအမည်ပေးသည်မဟုတ်ပါ။ ဆာလံဆရာကလည်း အသက်ကြီးသူတို့ကို ဤသို့ ဆိုထားပါ၏။

"ဖြောင့်မတ်သောသူသည် စွန်ပလွံပင်ကဲ့သို့ ပွင့်လန်း၍ လေဗနုန် တောင်ပေါ်မှာ အာရဇ်ပင်ကဲ့သို့ ကြီးပွား လိမ့်မည်။ ထာဝရဘုရား၏ အိမ်တော်၌ စိုက်ပျိုးသော သူတို့သည် ငါတို့ ဘုရားသခင်၏ တန်တိုင်းတော်တွင် ပွင့်လန်း ကြလိမ့်မည်။ အသက်ကြီးသော ကာလတွင်ပင်၊ အသီးကို သီး၍ ကြွယ်ဝ စိမ်းလန်းကြလိမ့်မည်။" (ဆာလံ၊ ၉၂း၁၂–၁၄)

သက်ကြွယ်ကာလတွင် ဘုရားသခင်ကို သစ္စာရှိစွာ အမှုဆောင်သောသူသည် လှပတင့်တယ်သော စွန်ပလွံပင်နှင့် ပုံဆောင်သဘောအရ များစွာတူညီလှပါသည်။ သက်ကြွယ်အရွယ်၌ ကိုယ်ကာယ၏အင်အား ဆုတ်ယုတ်လာပါသော်လည်း သမ္မာကျမ်းစာကို မှန်မှန် ဖတ်ရှုလေ့လာခြင်းဖြင့် ဘုရားသခင်နှင့် ဆက်ဆံရေး၊ မိတ်သဟာယဖွဲ့ရေးတို့မှာ တိုးတက်ကောင်းမွန်နိုင်ပါသည်။

ဤနှုတ်ကပတ်တော်သမ္မာကျမ်းချက် အားဖြင့် ခွန်အားရယူနိုင်ပါ၏။ (ဆာလံ၊၁း၂-၃)
“ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍ တရားတော်ကို နေ့ညဉ့်မပြတ် ဆင်ခြင်အောက်မေ့သောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား၊ ထိုသူသည် မြစ်နားမှာ စိုက်လျက် မိမိအချိန်တန်မှ အသီးကိုသီး၍ အရွက်မညှိုးနွမ်းတတ်သော အပင်နှင့်တူ၏။ ပြုလေသမျှတို့၌အောင်လိမ့်သတည်း။

“ထာဝရဘုရားကိုကိုးစားသောသူ၊ ထာဝရဘုရားကိုမိမိကိုးစားရာအကြောင်းဖြစ်စေသောသူသည် ကောင်းကြီးမင်္ဂလာကို ခံအပ်သောသူဖြစ်၏။ ထိုသူသည်ကား၊ ရေရှိသောအရပ်၌စိုက်၍မြစ်နားမှာ အမြစ်ဖြာသဖြင့်၊ ပူသောအရှိန်ရောက်ကြောင်းကိုမသိ၊ အရွက်မညှိုးနွမ်း၊ မိုးခေါင်သောကာလ၌ စိုးရိမ်စရာမရှိဘဲ၊ အစဉ်အမြဲ အသီးကိုသီးတတ်သောအပင်နှင့် တူ၏။ (ယေရမိ၊၁၇း၇-၈)

သစ္စာရှိသောသက်ကြီးရွယ်အိုများ၏နှစ်လိုဖွယ်စကားများ၊ ပုံသက်သေကောင်းများသည် အခြားသူများ အတွက် အားပေးမှုနှင့်ခွန်အား ဖြစ်စေပြီး၊ သူတို့သည် တနှစ်ပြီးတစ်နှစ် ဆက်လက်ရှင်သန်သီးပွင့်နေကြသဖြင့် မင်္ဂလာရှိကြသည်။

သက်ကြီးရွယ်အိုများသည် ဇရာအိုကာလတွင်ပင် စွန်ပလွန်ပင် ကဲ့သို့ ရှင်သန်နေလျက် သီးပွင့်နိုင်ကြပါသည်။ အလွန်ပင် တင့်တယ်လှပ၍ ကျက်သရေနှင့် ပြည့်စုံပေ၏။

**သင့်ကို အသက်ကြီးစဉ်၊ ကောင်းသောအရာနှင့် ရောင့်ရဲစေတော်မူသဖြင့်၊**
**သင်၏အရယ်သည် ရွှေလင်းတ၏အရွယ်ကဲ့သို့ ပြုပြင်ခြင်း ရှိ၏။ (ဆာလံ၊၁၀၃း၅)**

အဖိုးအဖွားများသည် မိမိတို့၏သားသမီး၊ မြေးမြစ်၊ တို့အား ဘုရားသခင် ထာဝရဘုရားသည် တဆူတည်းသောထာဝရဘုရားဖြစ်တော်မူကြောင်း၊ ထာဝရဘုရားကိုစိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိ ရှိသမျှနှင့် ချစ်ရန်၊ သွန်သင်ရမည်။ ထာဝရဘုရားကို ကြောက်ရွံ့လျက်၊ ပညတ်တော်အလုံးစုံ တို့ကို ကျင့်စောင့်ရန် မှာကြားရမည်။ ထိုအရာများသည် အဖိုးအဖွား၊ မိဘများ၏တာဝန်ဖြစ်သည်။

သို့မှသာ၊ ဆာလံဆရာ ဖေါ်ညွှန်းထားသည့်အတိုင်း၊ ထာဝရဘုရားကို ကြောက်ရွံ့ရိုသေ၍ပညက်တော်တို့၌ မွေ့လျော်သောသူတို့သည် မင်္ဂလာရှိသည် သာမက ထိုသူတို့၏သားစဉ်မြေးဆက်များလည်း မင်္ဂလာရှိ၏။ ထိုသားမြေးတို့သည် မြေပေါ်မှာအားကြီးကြမည်။ စည်းစိမ်ဥစ္စာပေါကြွယ်ဝမည်။ အောင်မြင်ခြင်း၊ ကောင်းစားခြင်း၊ တရားသဖြင့်ပြုခြင်း၊ စသည်တို့ဖြင့် ဖြောင့်မတ်သူအဖိုးအဖွားတို့၏ကောင်းကျိုးသည် သားစဉ်မြေးအဆက်အဆက်၌ အစဉ်အမြဲတည်ပါ၏။

အိုဘုရားသခင်၊
အကျွန်ုပ်သည် အစဉ်မြော်လင့်၍ ကိုယ်တော်ကို ချီးမွမ်းသမျှထက်သာ၍ ချီးမွမ်းပါ မည်။ ကျေးဇူးတော်တို့ကို ရေတွက်၍ မကုန်နိုင်ပါ။ ကိုယ်တော်သည် အကျွန်ုပ်ကို ငယ်သောအရွယ်မှစ၍ သွန်သင်တော်မူပါပြီ။ ယခုတိုင်အောင် အံ့ဖွယ်သောအမှုတော် တို့ကို အကျွန်ုပ်အား ပြပါပြီ။
အကျွန်ုပ်သည် အသက်ကြီး၍ ဆံပင်ဖြူသည် ကာလတိုင်အောင်၊ ယခုလူများ တို့အား ကိုယ်တော်၏အစွမ်းသတ္တိကိုင်း၊ နောက်ဖြစ်လတံ့သောသူအပေါင်း တို့အား တန်ခိုးတော်ကိုင်း၊ အကျွန်ုပ်မပြမှီတွင်၊ အကျွန်ုပ်ကို စွန့်ပစ်တော်မမူပါနှင့်။ အာမင်း။ (ဆာလံ၊၇၁း၁၄-၁၈)

**[အဖိုးအဖွားများနှင့်သက်ကြွယ်သူတို့အား ရိုသေလေးစားစွာ ဂါရဝပြုပါ၏။]**

# ကာတိသစ္စာ

**=ကျေးဇူးတော်=**

---

**နို့ထိန်းရဲ့စကားသံကို နားထောင်ပြီး .. ဒါဝိဒ်မင်းကြီးရဲ့စိတ်ကို နားမလည်ဘဲ**
**အထင်လွဲခဲ့တဲ့ ‘မေဖိဗောရှက်’ ပုံစံ ... ...**

သမ္မာကျမ်းစာကို ဖတ်ခွင့်ရတဲ့အရာက အလွန်ဝမ်းမြောက်စရာ ဖြစ်ပါတယ်။
သမ္မာကျမ်းစာဆိုတာ ကျနော်တို့လူသားအားလုံးအတွက် ပေးပို့လိုက်တဲ့ ဘုရားသခင် ထံတော်ကစာဖြစ်ပါတယ်။ ကျမ်းစာကို သေချာဖတ်ကြည့်မယ်ဆိုရင် ကျနော်တို့အပေါ်မှာထားတဲ့ ဘုရားသခင်ရဲ့စိတ်ကိုသိနိုင်သလို ဘုရားသခင်ရဲ့စိတ်နဲ့လည်းတွေ့နိုင်ပါတယ်။ အကယ်၍ ကျနော်တို့က ဘုရားသခင်ရဲ့စိတ်တော်နဲ့ တွေ့မယ်ဆိုရင် ကျနော်တို့ရဲ့စိတ်ကလည်း အလွန် ပျော်ရွှင်စွာ အသက်ရှင်သွားနိုင်မှာ ဖြစ်ပါတယ်။

လူတွေက .. ဘာဖြစ်လို့ စိတ်ဆင်းရဲစွာ အသက်ရှင်နေကြတာလဲ။
ဘာဖြစ်လို့စိတ်ပူပန်မှုတွေ၊ နာကျင်မှုတွေ၊ စိတ်ဒုက္ခတွေနဲ့ဘဲ ပြည့်နှက်နေကြတာလဲ။

အဖြေက .. ဒီလိုလူတွေ ဘုရားသခင်စိတ်တော်နဲ့မတွေ့ရသေးလို့ဖြစ်ပါတယ်။
တကယ်လို့ ဘုရားသခင်ရဲ့စိတ်တော်နဲ့တွေ့ရှိသွားမယ်ဆိုရင် ဒီလောကမှာ အပျော်ဆုံးလူအဖြစ် အသက်ရှင်ကြမှာ ဖြစ်ပါတယ်။

ဒါပေမဲ့၊ ယေရှုခရစ်တော်မဝင်ရောက်နိုင်တဲ့ စိတ်နှလုံးသားက အလွန်သနားစရာကောင်းပါတယ်။
ဘယ်လိုလူတွေဆီမှာ ယေရှုခရစ်တော် ကျိန်းဝပ်လို့ မရတာလဲ။
ကိုယ့်အကြံအစည်နဲ့ ပြည့်နေတဲ့သူ၊ ကိုယ့်အကြံအစည်ထဲမှာဘဲ နစ်မြုပ်နေတဲ့သူ၊ ကိုယ့်အကြံအစည်ကိုဘဲ ဆုပ်ကိုင်ထားတဲ့သူ၊ ကိုယ်မှန်တယ်လို့ ထင်ထားတဲ့သူရဲ့ စိတ်နှလုံးသားထဲကို ယေရှုခရစ်တော် ဝင်ရောက်လို့ မရပါဘူး။

ဓမ္မရာဇဝင် ဒုတိယစောင် အခန်းကြီး (၉) ထဲမှာ အလွန်အရေးကြီးသော ဘုရားသခင်ရဲ့စိတ်သဘောထား ပါရှိနေပါတယ်။ သမ္မာကျမ်းစာတော်မြတ် တစ်ခုလုံးကို ခြုံငုံပြီး၊ ဓမ္မရာဇဝင် ဒုတိယစောင် အခန်းကြီး(၉)မှာ - ဘုရားသခင်ရဲ့ စိတ်သဘောတော်ကို ဖော်ပြထားပါတယ်။ ဣသရေလလူမျိုးရဲ့ပထမဦးဆုံး ရှင်ဘုရင်က ရှောလု၊ ဒုတိယရှင်ဘုရင်က ဒါဝိဒ် ဖြစ်ပြီး၊ တတိယရှင်ဘုရင်က ရှောလမွန်မင်းကြီး ဖြစ်ပါတယ်။

ပထမဆုံးရှင်ဘုရင် ရှောလုက ဘယ်လို သေဆုံးသွားခဲ့ပါသလဲ။
တစ်ရက်မှာ ဖိလိတ္တိလူတွေက ဣသရေလလူတွေဆီကို ချီတက်လာခဲ့တယ်။ မိမိနိုင်ငံကို ကာကွယ်ဘို့ ရှင်ဘုရင်ရှောလုနဲ့ သူ့သားယောနသန်က ဂိလဗောတောင်မှာ စစ်တိုက်ခဲ့ကြတယ်။ ဒါကြောင့် ဂိလဗောစစ်ပွဲ လို့ခေါ်ပါတယ်။ အလွန်ပြင်းထန်သော စစ်ပွဲ ဖြစ်ပါတယ်။ အဲဒီနေရာမှာ

ဣသရေလလူတွေနဲ့ ဖိလိတ္တိလူတွေ စစ်တိုက်ခဲ့ကြပါတယ်။ အဲဒီစစ်ပွဲမှာဘဲ ဣသရေလရှင်ဘုရင် ရှောလုနဲ့အတူ ယောနသန်တို့က သေဆုံးသွားခဲ့တယ်။

ရှောလုမင်းကြီးသေဆုံးပြီးနောက် ဒါဝိဒ်ကရှင်ဘုရင်ဖြစ်လာခဲ့ပါတယ်။ ဒါဝိဒ်ကနန်းတော်ထဲကို ဝင်မလို့လုပ်တဲ့ အချိန်မှာ ရှင်ဘုရင် ရှောလုရဲ့မြေးဖြစ်သူ မေဖိဗောရှက်က သူရဲ့နို့ထိန်းနဲ့ အတူရှိနေခဲ့ပါတယ်။ သူက ယောနသန်ရဲ့သား ဖြစ်ပါတယ်။ မေဖိဗောရှက်က အသက်ငါးနှစ်ဘဲရှိပါသေးတယ်။ "ရှင်ဘုရင် ရှောလုနဲ့ သားယောနသန် သေသွားပြီး .. အခု နန်းတော်ထဲမှာ ဒါဝိဒ်မင်းကြီးက ဝင်လာတော့မယ်။" လို့သတင်းကြားတဲ့အခါ နို့ထိန်းက မေဖိဗောရှက်ကို ကျောပိုးပြီး အဝေးကို ထွက်ပြေးသွားခဲ့ပါတယ်။ မေဖိဗောရှက်က နို့ထိန်းကျောပေါ်မှ ပြုတ်ကျပြီး၊ ခြေနှစ်ဖက်စလုံး ပျက်စီးသွားခဲ့ပါတယ်။ နို့ထိန်းက မေဖိဗောရှက်ကို ပွေ့ပြီး၊ အဝေးဆုံးကို ထွက်ပြေးလာရင်း လောဒေဗာရွာ၊ အမျောလသား မာခိရအိမ်မှာပုန်းရှောင်နေခဲ့ပါတယ်။ နို့ထိန်းက မေဖိဗောရှက်ကို ဆက်လက် ကျွေးမွေးပြုစုပေးရင်း အရင်က အကြောင်းတွေကို ပြောပြပေးခဲ့တယ်။

မေဖိဗောရှက် သေချာနားထောင်ပါ။ မင်းရဲ့အဖိုးက ရှောလုဖြစ်ပြီး၊ မင်းရဲ့အဖေက ယောနသန် ဖြစ်တယ်။ စစ်ပွဲမှာ မင်းရဲ့အဖေနဲ့အဖိုး သေသွားပြီ။ အခုလက်ရှိ ရှင်ဘုရင်က 'ဒါဝိဒ်' မင်းကြီး ဖြစ်တယ်။ မင်းက ဒါဝိဒ်မင်းကြီးနဲ့ အတူတူနေလို့မရလို့ ဒီလိုထွက်ပြေးလာတာဖြစ်တယ်။ ဒါဝိဒ်မင်းကြီးကို ပုန်းရှောင်ရင်းနဲ့ ငါတို့အဝေးကြီးကို ရောက်လာတာ ဖြစ်တယ်။ မေဖိဗောရှက်ရေ မင်းလည်း သတိထားရမယ်။ တခါတလေ အပြင်ထွက်ရင်း ဒါဝိဒ်မင်းကြီးနဲ့ သူရဲ့စစ်သားတွေကို တွေ့ရင် အလွန်အန္တရာယ်များတယ်။ ဘာဖြစ်လို့လည်းဆိုတော့၊ ဒီရှင်ဘုရင်ဒါဝိဒ်နဲ့ မင်းရဲ့အဖိုးက ရန်သူတွေဖြစ်ခဲ့လို့ပဲ။ ဒါဝိဒ်မင်းကြီးသိသွားရင် မင်းကို ဒီအတိုင်းထားမှာမဟုတ်ဘူး။ ရန်သူရဲ့သား ဖြစ်လို့ထောင်ထဲမှာ ထည့်ချင်ထည့်မယ်။ ဒါမှမဟုတ် သတ်လိမ့်မယ်။ ဒါကြောင့်၊ ဒါဝိဒ်မင်းကြီးကို ရှောင်ရမယ်။

ပြီးတော့ ဒါဝိဒ်မင်းကြီး အမုန်းဆုံးသူတွေ ဆိုတာ မျက်စိကန်းတဲ့သူ၊ ခြေမစွမ်းတဲ့သူတွေ ဖြစ်တယ်။ မင်းက ခြေတဖက်ပဲ မကောင်းတာမဟုတ်ဘူး။ ခြေနှစ်ဖက်လုံး မကောင်းသူ ဖြစ်တယ်။ ဣသရေလနိုင်ငံမှာ မျက်စိကန်းတဲ့သူနဲ့ ခြေမစွမ်းတဲ့သူကို ကျိန်ခြင်းခံရသူလို့ ပြောထားကြတယ်။ ဒါကြောင့်၊ မင်းက နန်းတော်ရဲ့အနီးကို သွားလို့မရဘူး။ မေဖိဗောရှက်က ခလေးဘဝ ကတည်းက နို့ထိန်းသင်ပေးတဲ့စကားကိုပဲ ဆက်တိုက် နားထောင်လာပြီးနောက် သူ့ရဲ့စိတ်ထဲမှာ ဒါဝိဒ်မင်းကြီးကို မကြိုက်တဲ့စိတ်၊ ဒါဝိဒ်က ငါ့ကို မုန်းနေမှာဘဲ ဆိုတဲ့ စိတ်တွေနဲ့ပဲ ပြည့်နေခဲ့ပါတယ်။

အရင်တုံးက ယောနသန်နဲ့ဒါဝိဒ်မင်းကြီးက အလွန် ခင်မင်ရင်းနှီးခဲ့ကြပြီး ကတိပေးထားခဲ့ကြတဲ့အရာ ရှိခဲ့ကြတယ်။ ဒါဝိဒ်က ရှင်ဘုရင် ဖြစ်လာမယ် ဆိုတဲ့ ဘုရားသခင်ရဲ့ အလိုတော်ကို ယောနသန် သိနေခဲ့ပါတယ်။ ဒါပေမဲ့ သူ့အဖေနဲ့ဒါဝိဒ်က ရန်သူဖြစ်နေတဲ့အတွက် ဒါဝိဒ်နဲ့ တိုးတိုးတိတ်တိတ်တွေ့ပြီး ကတိတောင်းခဲ့တယ်။ မင်း .. ရှင်ဘုရင်ဖြစ်လာတဲ့အခါ ငါတို့မိသားစုကိုလည်း စောင့်ရှောက်ပေးပါ။ မင်း .. ငါ့အဖေနဲ့ရန်သူဖြစ်တဲ့အတွက် မင်း .. ဘုရင်ဖြစ်သွားတဲ့အခါ ရန်ကြွေးမတုန့်ပြန်ပါနဲ့။ ငါတို့၏မိသားစုကို ကျေးဇူးပြုပေးပါ။ ငါ့ကို ကတိပေးနိုင်မလားလို့ ပြောတဲ့အခါမှာ ဒါဝိဒ်က "ယောနသန် မစိုးရိမ်နဲ့။ ငါဘုရင်ဖြစ်သွားရင် ကျေးဇူးပြုပါ့မယ်။ ငါကတိပေးတယ်။"ဆိုပြီး ခိုင်မာတဲ့ကတိကို ပြုထားခဲ့ပါတယ်။

တစ်နေ့မှာ ဒါဝိဒ်မင်းကြီးက နန်းတော်ထဲမှာနေရင်းနဲ့ အရင်တုန်းက ယောနသန်နဲ့ကတိပြုထားတဲ့အရာကို ပြန်သတိရအောက်မေ့ခဲ့တယ်။ ရှောလုရဲ့အဆွေအမျိုး ရှိကြသေးလားမသိဘူးဆိုပြီး ဒါဝိဒ်က ငယ်သားတွေကို ခေါ်ပြီးမေးခဲ့ပါတယ်။ အဲဒီအချိန်မှာ ငယ်သားတွေက 'အမျောလသား မာခိရ' ရဲ့အိမ်မှာ ရှောလုမြေး ယောနသန်ရဲ့သား ခြေနှစ်ဖက်ဆွံ့တဲ့ 'မေဖိဗေရှက်' ရှိနေသေးကြောင်း ပြောပြခဲ့ပါတယ်။ သူ့ကိုခေါ်လာဘို့ ဘုရင်က အမိန့်ချလိုက်ပါတယ်။ မင်းကြီးရဲ့ငယ်သားတွေ မေဖိဗောရှက်ရဲ့အိမ်ကိုရောက်လာပြီး၊ အရှင်မင်းကြီးက မေဖိဗောရှက်ကိုခေါ်ယူလာခဲ့ဖို့ အမိန့်ပေးတယ်လို့ ပြောတဲ့အခါ "ခွင့်လွှတ်ပေးပါ။ ငါတို့ကို အသက်ချမ်းသာခွင့်ပေးပါ"လို့ဆိုပြီး နို့ထိန်းနဲ့ မေဖိဗောရှက်က အလွန် ကြောက်ရွံ့နေခဲ့ပါတယ်။ မေဖိဗောရှက်က မြင်းရထားစီးပြီး၊ နန်းတော်ကြီးသို့ သွားနေတဲ့လမ်းမှာ "ငါ ဒီနေ့ သေရတော့မလား။ မသိဘူးလို့" စဉ်းစားပြီး၊ အလွန်ကြောက်နေခဲ့ပါတယ်။ မေဖိဗောရှက်က အလွန် တုန်လှုပ်ရင်း ရှင်ဘုရင်၏ရှေ့မှာ ခေါင်းငုံ့ပြီး ပြပ်ဝပ်လိုက်ပါတယ်။

အဲဒီအခါ ဒါဝိဒ်မင်းကြီးက "မေဖိဗောရှက် မစိုးရိမ်နဲ့ ငါကမင်းအဖေ ယောနသန်ကြောင့် မင်းကို ကျေးဇူးပြုမယ်။ အရင်တုန်းက မင်းအဖေ ယောနသန်နဲ့ငါကတိပြုထားတယ်။ အဲဒီကတိက ဘာကတိလဲသိလား။ ငါ မင်းကိုကျေးဇူးပြုမယ်လို့ ဆိုတဲ့ကတိဖြစ်တယ်။ ဒါကြောင့် မင်းကိုကျေးဇူးပြုဘို့နန်းတော်ကို ခေါ်လိုက်တာဖြစ်တယ်။ ငါတို့ နန်းတော်ကို ခြေမစွမ်းသောသူက ဝင်လို့မရပေမဲ့ ငါမင်းကိုကျေးဇူးပြုချင်တယ်။ ကြောက်စရာမလိုဘူး။ မင်းကနန်းတော်ထဲမှာငါနဲ့အတူတူနေရမယ်။ ဘုရင့်သားတော်တွေနဲ့အတူ ဘုရင့်သားတော်တစ်ပါးလို အသက်ရှင်ရမယ်။ ထမင်းလည်း အတူစားပြီး နန်းတော်ထဲမှာ ပျော်ပျော်ရွှင်ရွှင် နေရင်ရပြီ။" ဒါဝိဒ်က မေဖိဗောရှက်ကို ရှင်းပြခဲ့ပါတယ်။ မေဖိဗောရှက် စိတ်ထဲမှာ ဒါဝိဒ်မင်းနဲ့တွေ့ရင် သေပြီလို့ထင်ပြီးကြောက်ခဲ့ပေမဲ့ ဒါဝိဒ်နဲ့တွေ့တဲ့အခါ ကျေးဇူးပြုခြင်းခံပြီး ချစ်ခြင်းမေတ္တာပြပေးရုံမျှမက သူ့သားအဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။

မေဖိဗောရှက် အခုအချိန်ထိ သိရှိစဉ်းစားခဲ့တဲ့အရာနဲ့ အလွန်ကွာခြားနေခဲ့ပါတယ်။ ကျနော်က အခုအချိန်အထိ ဒါဝိဒ်မင်းကြီးကို အထင်လွဲခဲ့တယ်။ ဒါဝိဒ်မင်းကြီး စိတ်ကို သေချာနားမလည်ခဲ့ပါလား။ နို့ထိန်းရဲ့စကားကိုဘဲ နားထောင်ခဲ့ပြီး၊ သူကလည်း သေချာမသိဘဲ မှားယွင်းစွာ သင်ကြား ပေးခဲ့တယ်။ အစကတည်းက ဒါဝိဒ်မင်းကြီးရဲ့စိတ်ကို သိခဲ့မယ် ဆိုရင် ထွက်ပြေးစရာလည်းမလိုဘူး။ ကျနော်က နို့ထိန်းရဲ့အလိမ်ကို ခံခဲ့ရတယ်။ နို့ထိန်းရဲ့ မှားယွင်း သင်ကြားမှုနဲ့ဘဲ အသက်ရှင်သန်ခဲ့ပါလား။ အခု ကျနော်က ဒါဝိဒ်မင်းကြီးနဲ့ တွေ့ကြည့်တော့မှ ဒါဝိဒ်မင်းကြီးက ကျနော်ကိုချစ်တဲ့အရာ၊ ကျေးဇူးပြုချင်တဲ့အရာကို သေချာနားလည်ပါပြီ။ ကျနော်က ဒါဝိဒ်မင်းကြီးကိုသေချာမသိဘဲ အထင်လွဲခဲ့တယ်။ ကျနော့်အဖေ ယောနသန်နဲ့ပြုခဲ့တဲ့ ကတိကြောင့် ကျနော့်ကို ကျေးဇူးပြုတာပါလား။ ကျနော်က ကျေးဇူးပြုခြင်းခံရဘို့ ကတိပြုခြင်းခံထားရသောသူ ဖြစ်နေပေမဲ့ အဲဒီကတိတော်ကိုမသိတဲ့အတွက် အခုအချိန်အထိ ပင်ပန်းစွာ၊ စိတ်ပျက်စွာအသက်ရှင်ခဲ့ရတယ်။ အခုတော့ ကျနော်နားလည်ပါပြီ ဆိုပြီး၊ မေဖိဗောရှက်က ဒါဝိဒ်မင်းကြီးနဲ့အတူ နန်းတော်ထဲမှာ ပျော်ရွှင်စွာ နေထိုင်သွားခဲ့ပါတယ်။

ဒီအကြောင်းအရာက တခြားလူတွေ အကြောင်း ပြောတာ မဟုတ်ပါဘူး။ ကျနော်တို့နဲ့ ဘုရားသခင်အကြောင်း ပြောတာဖြစ်ပါတယ်။ မေဖိဗောရှက် ကတိတော်ကြောင့် ကျေးဇူးပြုခြင်းခံရသလို ကျနော်တို့လည်း ဘုရားသခင်က ယေရှုခရစ်တော်အားဖြင့် ပေးထားတဲ့ ကတိတော်မြတ်ဖြစ်တဲ့ ထာဝရအပြစ်ဖြေရှင်းခြင်း ကျေးဇူးတော်ကို ကျနော်တို့က ခံစားရတာဖြစ်ပါတယ်။ ❑❑